# ဒေသခံ အစိုးရ ရွေးကောက်ပွဲများ အချက်အလက် စာရွက်

သင် မဲမပေးနိုင်မီ သင်သည် မှတ်ပုံတင်ရမည်။

သင်သည် အကယ်၍ အောက်ပါတို့ဖြစ်လျှင် မဲပေးရန် မှတ်ပုံတင်နိုင်ပါသည်-

- အသက် 18 သို့မဟုတ် အထက်ဖြစ်လျှင်
- ဩစတြေးလျ နိုင်ငံသား တစ်ဦးဖြစ်လျှင်
- သင့်အိမ်တွင် တစ်လ ထက်ကျော်လွန်ပြီး နေထိုင်ခဲ့လျှင်

မဲပေးရန် အတွက် မှတ်ပုံတင်ရန် သင်သည် အွန်လိုင်း www.elections.wa.gov.au/enrol တွင် မှတ်ပုံတင်နိုင်ပါသည်။

သို့မဟုတ် သင်သည် အောက်ပါတို့မှ ပုံစံ တစ်ခုကို ရနိုင်ပါသည်-

- အနောက် ဩစတြေးလျပြည်နယ် ရွေးကောက်ပွဲ ကော်မရှင် ရုံး
- AEC ရွေးကောက်ပွဲ ရုံး
- စာတိုက်

ပုံစံကို ဖြည့်စွက်ပြီး ပေးထားသော အသင့်တံဆိပ်ခေါင်းကပ်ထားသည့် ပြန်စာ စာအိတ်တွင်းထည့်၍ ပြန်ပို့ပေးပါ။

သင် မှတ်ပုံတင်ပြီးသည်နှင့်တစ်ပြိုင်နက် သင့် နံမည်သည် ရွေးကောက်ပွဲ မှတ်ပုံတင်၌ ရှိနေမည်ဖြစ်ပြီး သင် နေထိုင်ရာ ခရိုင်တွင် ကျင်းပသည့် ဒေသခံ အစိုးရ ရွေးကောက်ပွဲများ၌ မဲပေးနိုင်ပါမည်။

သင့် နံမည် သို့မဟုတ် လိပ်စာ ပြောင်းလဲတိုင်း သင့်မှတ်ပုံတင်အချက်အလက်ကို ဖြည့်စွက်ပြင်ဆင်ရလိမ့်မည်။

အကယ်၍ သင်သည် အခြား တည်နေရာတစ်ခုတွင် အိမ်ပိုင်လျှင် သို့မဟုတ် အခြား တည်နေရာတစ်ခုရှိ အိမ်တွင်နေလျှင် သင်သည် အဆိုပါ နယ်မြေ အတွက် ဒေသခံ အစိုးရ ရွေးကောက်ပွဲများ၌လည်း မဲပေးကောင်း မဲပေးနိုင်ပါသည်။

ပိုမိုသော အချက်အလက်များ အတွက် သင့် ဒေသခံ အစိုးရကို ဆက်သွယ်ပါ။

**စာတိုက်ဖြင့် ရွေးကောက်ပွဲများ**

အနောက် ဩစတြေးလျပြည်နယ် ရွေးကောက်ပွဲ ကော်မီရှင်သည် အများစုသော ဒေသခံ အစိုးရ ရွေးကောက်ပွဲများကို စာတိုက်မှတစ်ဆင့် ဆောင်ရွက်ပါသည်။

ဆိုလိုသည်မှာ ရွေးကောက်ပွဲမဲပေးသူများသည် မိမိတို့၏ မဲပြားများကို စာတိုက်မှတစ်ဆင့် လက်ခံရရှိပါမည်။

မဲပေးမည့် စာတွဲအိတ်တွင် မည်သို့မဲပေးရန် ညွှန်ကြားချက်များ ပါရှိပါသည်။

ညွှန်ကြားချက်များကို ဂရုတစိုက် ဖတ်ရှုပါ။

သင့် မဲပြားကို ညွှန်ကြားချက်များအတိုင်း ဖြည့်စွက်ပါ။

သင် မဲပေးပြီးသည်နှင့်တစ်ပြိုင်နက် သင့် မဲပြားများကို မဲပြားစာအိတ်တွင်း ထည့်၍စာအိတ်ပိတ်ပါ။

စာအိတ်အရှေ့ရှိ တွဲလွဲကျစာရွက်အပိုင်းပေါ်တွင် ရွေးကောက်ပွဲမဲပေးသူ၏ ခံဝန်စာကို လက်မှတ်ထိုးပါ။ ၎င်းကို ဖြတ်မထုတ်လိုက်ပါနှင့်။

သင့် မဲပေးသည့် စာတွဲကို အသင့်တံဆိပ်ခေါင်းကပ်ထားသည့် ပြန်စာ စာအိတ်တွင်း ထည့်ပါ။

သင့် မဲပေးသည့် စာတွဲကို အမြန်ဆုံး ကျွန်ုပ်တို့ထံ ပို့ပေးပါ။

**ရွေးကောက်ပွဲတွင် ကိုယ်တိုင် မဲပေးခြင်း**

ဒေသခံ အစိုးရ အချို့သည် ၎င်းတို့၏ ရွေးကောက်ပွဲများကို စာတိုက်မှတစ်ဆင့် မဟုတ်ပဲ ကိုယ်တိုင် မဲပေးရန် ဆောင်ရွက်ပါသည်။

ရွေးကောက်ပွဲတွင် ကိုယ်တိုင် မဲပေးရန် သင်သည် မဲပေးရန်ရွေးကောက်ပွဲနေ့၌ သင့် ဒေသခံ အစိုးရ ရုံးသို့ သွားရောက်ရန် လိုအပ်ပါသည်။

အကယ်၍ သင်သည် ရွေးကောက်ပွဲနေ့၌ မဲရုံနေရာသို့ မသွားနိုင်လျှင် သင့် ဒေသခံ အစိုးရကို စော၍မဲပေးရန် နည်းလမ်းများ အတွက် ဆက်သွယ်ပါ။

**ကိုယ်စားလှယ် တစ်ဦး ဖြစ်လာခြင်း**

ကိုယ်စားလှယ် တစ်ဦးဖြစ်လာရန် သင်သည် သင် ကိုယ်စားပြုလိုသည့် ဒေသခံ အစိုးရ ခရိုင်အတွက် မှတ်ပုံတင်ရမည်။

အဆိုပြုရန် သင် လိုအပ်မည်မှာ-

- အဆိုပြု ပုံစံ တစ်စောင်ကို ဖြည့်စွက်ပါ
- တောင်းခံထားသည့် အချက်အလက် အားလုံးကို ပေးအပ်ပါ
- ဓါတ်ပုံ တစ်ပုံ ထည့်သွင်းပါ (ဆန္ဒ အလျောက်)
- အပ်နှံရမည့်ငွေကို ပေးပါ။

ပိုမိုသော အချက်အလက်များ အတွက် www.elections.wa.gov.au တွင် ကြည့်ရှုပါ သို့မဟုတ် ဖုန်း 13 63 06 ခေါ်ပါ သို့မဟုတ် အခြားပြည်နယ်မှဖုန်းခေါ်သူ အတွက် ဖုန်း (08) 9214 0400 ကိုခေါ်ပါ။